**အာဆီယံစီးပွားရေးအသိုက်အဝန်းလုပ်ငန်းအဖွဲ့(AEC)၏**

**စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**

**နေပြည်တော်၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Committee – AEC) လုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၂-၂-၂၀၂၄ ရက်၊ နံနက် (၁၀:၀၀) နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၂) ရှိ ဗဟို စာရင်းအင်းအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဗဟိုစာရင်းအင်း အဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီးရုံး(စီမံကိန်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနတို့မှ လုပ်ငန်းအဖွဲ့ဝင်များနှင့် သီးခြားဖိတ်ကြားထားသည့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အဖွင့် အမှာစကားပြောကြားရာတွင် AEC လုပ်ငန်းအဖွဲ့၏ လစဉ်အစည်းအဝေးကျင်းပခဲ့သည်မှာ စတုတ္ထအကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ပုံမှန် ကျင်းပနိုင်ခဲ့ပြီး အစည်းအဝေးရလဒ်များကိုလည်း ဝန်ကြီးရုံးမှ တစ်ဆင့်တင်ပြလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း ကျင်းပမည့် အာဆီယံအစည်းအဝေးများ၏ အချိန်ဇယားထွက်ရှိပြီးဖြစ်ရာ မိမိတို့ တက်ရောက်ရမည့် အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ဘဏ္ဍာရေးဘက်တွင် အစည်းအဝေးများ တက်ရောက်နေသည်ဟု သိရှိရကြောင်း၊ မိမိတို့ ဌာနမှလည်း လာမည့်အပတ်တွင် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် (ASEAN Community Statistical System- ACSS) အောက်ရှိ စီမံကိန်းနှင့်ညှိနှိုင်းရေး ဆပ်ကော်မတီ (Sub-Committee on Planning and Coordination – SCPC ) လုပ်ငန်းအဖွဲ့၏ ၂၈ ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အာဆီယံအစည်းအဝေးများကို တက်နိုင်သမျှ မပျက်မကွက် တက်ရောက်ရန် တိုက်တွန်းပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းအဖွဲ့ဝင်များမှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လည် ( ၁၂:၀၀ ) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။